# Jyväskylän kaupunginkirjasto – keski-Suomen maakuntakirjasto
ယူဗက်(စ်)ကရူလာမြို့ စာကြည့်တိုက်၊ ဖင်လန်နိုင်ငံအလယ်ပိုင်းဒေသရှိ စာကြည့်တိုက်

## Lyhyt kirjasto opas  စာကြည့်တိုက်သုံးရန်အတွက်တိုတောင်းသောလမ်းညွှန်မှု

စာကြည့်တိုက်တွင် စာအုပ်များ၊ မဂ္ဂဇင်းများ၊ တေးဂီတသင်္ကေတများ၊ ဗီဒီယိုအခွေများနှင့်အခြားအရာများရှိသည်။
၎င်းတို့အားလုံးကိုဖတ်နိုင်သည်။ နားထောင်နိုင်သည်။ သို့မဟုတ်ငှါးရမ်းနိုင်သည်။

## Kirjastot ovat avoinna kaikille  စာကြည့်တိုက်များကိုလူတိုင်းအတွက်ဖွင့်လှစ်ထားသည်။

စာကြည့်တိုက်ကပ်ပြားသည်အခမဲ့ဖြစ်ပြီးဓာတ်ပုံပါသည့်သက်သေခံကပ်ပြားကိုပြခြင်းဖြင့်ရသည်။
ယူဗက်(စ်)ကရူလာမြို့နယ်တွင်စာကြည့်တိုက် ၁၅ခုရှိသည်။
ထိုမှျသာမက၊စာကြည့်တိုက်ကားများရပ်သည့်နေရာများမြို့အနှံ့အပြားတွင်ရှိသည်။

## Kirjastot ja aukioloajat  စာကြည့်တိုက်များနှင့်ဖွင့်လှစ်သည့်အချိန်များ။

စာကြည့်တိုက်ကြီးများတွင်ဗဟိုစာကြည့်တိုက်ရှိသည်။ဗဟိုစာကြည့်တိုက်သည်မြို့လယ်ခေါင်တွင်ရှိသည်။
ဗဟိုစာကြည့်တိုက်၏ကလေးသူငယ်၊ အရွယ်ရောက်ပြီးသူများ၏တေးဂီတဌါနများသည်နေ့စဉ်ဖွင့်လှစ်သည်။
သတင်းစာ၊ မဂ္ဂဇင်းဖတ်သည့်နေရာသည်တနင်္ဂနွေနေ့များ၌လည်းဖွင့်လှစ်သည်။

## Kirjastoista voit lainata  စာကြည့်တိုက်များမှ စာအုပ်များကို ငှါးနိုင်သည်။

စာကြည့်တိုက်များမှစာအုပ်များ၊ စီဒီအခွေများ၊ ဘာသာစကားပြောသင်တန်းများနှင့် ရုပ်ရှင်များကို အိမ်သို့ငှါးနိုင်သည်။
စာကြည့်တိုက်များတွင်အသံနားထောင်နိုင်သည့်စာအုပ်များ၊စာလုံးကြီးများဖြင့်ရေးထားသည့်စာအုပ်များနှင့်ရှင်းလင်းစွာရေးထားသည့်စာအုပ်များ
ကိုလည်းကိုလည်းရှာဖွေတွေ့ရှိနိုင်သည်။

## Kirjastoissa voit lukea  စာကြည့်တိုက်များတွင် စာဖတ်နိုင်သည်။

စာကြည့်တိုက်များတွင်ဖင်လန်ဘာသာစကား၊အခြားနိုင်ငံခြားဘာသာစကားဖြင့်ရေးသားထားသောမဂ္ဂဇင်းများနှင့်လစဉ်ထုတ်သည့်စာစောင်များကို
ဖတ်နိုင်သည်။
စာကြည့်တိုက်များတွင်အဘိဓာန်စာအုပ်များနှင့်အခြားဗဟုသုတရရှိသည့်စာအုပ်များ၊မြေပုံများနှင့်ဥပဒေများတို့ကိုလည်းဖတ်ရှုပြီးစစ်ဆေးနိုင်သည်။

## Kirjastoissa voit kuunnella  စာကြည့်တိုက်များတွင် နားထောင်နိုင်သည်။

စာကြည့်တိုက်များတွင် တေးဂီတများ၊ ပုံပြင်များနှင့် ဘာသာစကားများကို နားထောင်နိုင်သည်။

## Kirjastossa on tietoa  စာကြည့်တိုက်များတွင် အကြောင်းကြားသည့်အရာများရှိသည်။

သင့်အနေနှင့်စာအုပ်များ၊ သို့မဟုတ် အကြောင်းအရာများကို ရှာဖွေသောအခါ စာကြည့်တိုက်အမှုထမ်းများက အကူအညီပေးသည်။
စာကြည့်တိုက်၏ကွန်ပျူတာများထဲသို့ထည့်ထားသည့်အချက်အလက်များထဲမှလည်းသက်ဆိုင်သည့်အကြောင်းအခြင်းအရာများကိုသင်
ကိုယ်တိုင်လည်း ရှာဖွေကြည့်နိုင်သည်။
အား(လ်)တိုစာကြည့်တိုက်များမှ အကြောင်းအချင်းအရာများကို ရှာဖွေလိုပါက www.aaltokirjastot.fi မှ ရှာဖွေနိုင်သည်။
အကြောင်းချင်းရာများကိုရှာဖွေတတ်ရန်စာကြည့်တိုက်မှသင်ပေးသည်။

## Kirjastoissa on internet  စာကြည့်တိုက်များတွင် အင်တာနက်ရှိသည်။

စာကြည့်တိုက်များတွင်ရှိသည့်အင်တာနက်တပ်ထားသည့်ကွန်ပျူတာများမှအီးမေး(လ်)ဖတ်ခြင်း၊သို့မဟုတ်နက်ထဲတွင်ရှိသောအကြောင်း
အရာများကို ရှာဖွေခြင်းစသည်တို့ကိုပြုလုပ်နိုင်သည်။

## Kirjastoissa on tapahtumia  စာကြည့်တိုက်များတွင် ဖြစ်ရပ်များ၊ ပွဲစဉ်များကျင်းပသည်။

စာကြည့်တိုက်များတွင်ကလေးများအတွက်ပုံပြောခြင်းများနှင့်ပြဇာတ်ပြခြင်းများကိုစီစဉ်ပေးသည်။အရွယ်ရောက်ပြီးသူများအတွက်လည်း
ကွဲပြားခြားနားသောပြပွဲများနှင့်ဖြစ်ရပ်များရှိသည်။